ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ

ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ရင်းနှီးမြှုပ်နှံလိုသူ၏ ဆောင်ရွက်ရန်


အဆိုပြုချက်

ပစိဖိတ် ဖု(ဒ်) အင်ဒတ်စ်ထရီး(စ်) လီမိတက်
(နို့ထွက်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ)

× × × × × × × × × × × × × × × ×

Pacific Food Industries Limited

WASTE WATER TREATMENT TANK







PACIFIC FOOD INDUSTRIES LIMITED
NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL:.4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

Date:

သို့

ဥက္ကဌ
မြန်မာနိုင်ငံ ရင်းနှီးမြှပ်နှံမှု ကော်မရှင်
ရန်ကုန်မြို့။

နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊ ဇွန် လ (၆) ရက်

အကြောင်းအရာ ။ ။ ပီအေတီ ဆုံးဖြတ်ချက်အပေါ်ဆောင်ရွက်ချက်များအား ပြန်လည်တင်ပြခြင်း

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၅–၅–၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ရက– ၂/မ – ၂၄၄/၂၀၁၆ (၄၃၈–က)

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှပ်နှံမှုဥပဒေအရ "Pacific Food Industries Limited" သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန် (၃) ၊ လှိုင်သာယာမြို့နယ်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၈၃) မြေအကျယ် အဝန်း (၂.၀၀)ဧက ရှိ မြေနေရာတွင် နို့ထွက်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားခြင်း နှင့် ပတ်သက်၍(၂၅.၅.၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ (၁၈/၂၀၁၆)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်ထားပါကြောင်း တင်ပြအပ်ပါသည်–

(က) စက်ပစ္စည်းစာရင်းအားပြင်ဆင်၍ပူးတွဲတင်ပြအပ်ပါသည်။
(ခ) ကုန်ကြမ်းပစ္စည်းစာရင်းအားပြင်ဆင်၍ပူးတွဲတင်ပြအပ်ပါသည်။
(ခ) Waste Water Treatment Plant အတွက် Process Chart အားပူးတွဲတင်ပြအပ်ပါသည်။

လေးစားစွာဖြင့် –

U SOE MYINT
MANAGING DIRECTOR
PACIFIC FOOD INDUSTRIES LIMITED.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
နေပြည်တော်

စာအမှတ်၊ ၂၁/ဌာနခွဲ - ၂/MIC/၂၀၁၆(စီ၅၂၆)
ရက် စွဲ ၊ ၂၀၁၆ ခုနှစ် ဧပြီလ ၅ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Pacific Food Industries Co.,Ltd မှ နိုင်ငံခြားကုမ္ပဏီအဖြစ်မှ မြန်မာနိုင်ငံသားကုမ္ပဏီအဖြစ်သို့ ပြောင်းလဲမှတ်ပုံတင်ပြီး လုပ်ငန်း အဆိုပြုချက်တင်ပြလာခြင်း ကိစ္စ**

ရည်ညွှန်းချက် ။ (၁) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၁၁-၂-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၂၁/ဌာနခွဲ-၂/MIC/၂၀၁၆(စီ ၂၆၆)

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁ - ၃ - ၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ရက - ၉/၁/၂၀၁၆(၀၆၄၃)

(၃) Pacific Food Industries Co.,Ltd ၏ ၂၉ - ၃ - ၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၂၄/PFI/၂၀၁၆

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ် - ၂၃၂/၉၆(၂၉-၁၁-၁၉၉၆) အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်သာယာမြို့နယ် ၊ လှိုင်သာယာစက်မှုဇုန်အပိုင်း(၃) ၊ မြေကွက်အမှတ် (၈၃) ၊ မြေဧရိယာ(၂.၀၁၁)ဧကအား ငှားရမ်း၍ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော (ယခင်စင်ကာပူအခြေစိုက်) Pacific Food Industries Co.,Ltd သည် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် အစုရှယ်ယာ အားလုံးကို မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီသို့ လွှဲပြောင်းရောင်းချခဲ့ပြီး ဖြစ်ပါသဖြင့် ယခင်ရရှိထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်အား အပ်နှံ၍ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် ပြောင်းလဲထုတ်ယူခွင့်ပြုပါရန် နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီးဖြစ် ၍ မြေငှားသက်တမ်းအား ယခင် (၂၀+၅+၅)နှစ် မှ (၃၀+၁၀+၁၀)နှစ်သို့ တိုးမြှင့်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းကို ရည်ညွှန်းချက်(၁)ပါစာဖြင့် ကော်မရှင်သို့ ဆက်လက်ပေးပို့ခဲ့ပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ နိုင်ငံခြားကုမ္ပဏီအဖြစ်မှ မြန်မာနိုင်ငံသားကုမ္ပဏီ အဖြစ်သို့ ပြောင်းလဲမှတ်ပုံတင်ပြီးကြောင်း အထောက်အထားနှင့်တကွ လုပ်ငန်းအဆိုပြုချက် အပြည့်အစုံ ပြန်လည်တင်ပြပေးရန် ရည်ညွှန်းချက်(၂)ပါစာဖြင့်

အကြောင်းကြားလာသဖြင့် Pacific Food Industries Co.,Ltd မှ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် (၂၆-၅-၂၀၁၅) ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်အမှတ်၊ ၂၂၈၀ / ၂၀၁၅ - ၂၀၁၆ (ရက)ဖြင့် မြန်မာနိုင်ငံသားကုမ္ပဏီအဖြစ်သို့ ပြောင်းလဲမှတ်ပုံတင်ပြီးကြောင်း အထောက်အထားနှင့်တကွ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဆိုပြုချက်အား ရည်ညွှန်းချက်(၃)ပါစာဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပေးပို့ တင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ Pacific Food Industries Co.,Ltd အား မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် ခွင့်ပြုမိန့်ပြောင်းလဲထုတ်ပေးပါရန် နှင့် မြေငှားသက်တမ်းအား ယခင် (၂၀+၅+၅)နှစ် မှ (၃၀+၁၀+၁၀)နှစ်သို့ တိုးမြှင့်ခွင့်ပြုပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုပေးနိုင်ပါရန် ရည်ညွှန်းချက်(၃)ပါ စာ မိတ္တူနှင့်အတူ ပူးတွဲ ပေးပို့ အပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
ကျော်လင်း၊ အမြဲတမ်းအတွင်းဝန်

မိတ္တူကို

- ညွှန်ကြားရေးမှူးချုပ်၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန။
- ဒုတိယညွှန်ကြားရေးမှူး၊ပြည်သူ့ဆက်ဆံရေးဌာန၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန။

PACIFIC FOOD INDUSTRIES LIMITED
NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

Date:

သို့

ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန
နေပြည်တော်။

စာအမှတ်။ ။ ၂၄/ PFI/ ၂၀၁၆
ရက်စွဲ ။ ။ ၂၉ – ၀၃ – ၂၀၁၆

အကြောင်းအရာ။ **။Pacific Food Industries Limited အား မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲခွင့်ပြုပါရန်နှင့် မြေငှားသက်တမ်းတိုးမြှင့်ခွင့်ပြုပါရန် အဆိုပြုလွှာပေးပို့ခြင်း။**

ရည်ညွှန်းချက် ။ ။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၀–၈–၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၇က–၉/၁/ ၂၀၁၅ (၀၁၆၆၈–ခ)

(၂) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၁)ရက်၊ ရက်စွဲပါ စာအမှတ်၊ ၂၁/ ဌာနခွဲ–၂/ MIC/ ၂၀၁၆ (စီ ၂၆၆)

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁–၃–၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၇က–၉/၁/ ၂၀၁၆ (၀၆၄၃)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ၊ (၂၉) ရက်၊ ရက်စွဲပါစာ ခွင့်ပြုမိန့်အမှတ် (၂၃၂/၉၆) ဖြင့် နိုင်ငံခြားရင်းနှီးမှု ဥပဒေအရ နို့ထွက်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့် Pacific Food Industries Co., Ltd ၏ အစုရှယ်ယာများကို မြန်မာနိုင်ငံသား ဦးစိုးမြင့် သို့ လွှဲပြောင်းခွင့် ရည်ညွှန်းပါစာဖြင့် ခွင့်ပြုခဲ့ပြီး ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲဆောင်ရွက်ရန်ကော်မရှင်မှ အကြောင်းကြားခဲ့ပါသည်။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှလည်း ယခင် Pacific Food Industries Co., Ltd သို့ ထုတ်ပေးထားသည့် ရာခိုင်နှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်အားအပ်နှံ၍ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် ပြောင်းလဲ ထုတ်ယူခွင့်ပြုပါရန်နှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ပြီးဖြစ်၍ မြေငှားသက်တမ်းအား (၂၀+၅+၅) မှ (၃၀+၁၀+၁၀) သို့ တိုးမြှင့်ပေးရန် ရည်ညွှန်း (၂) ဖြင့် တင်ပြခြင်းအပေါ် ကော်မရှင်မှ Pacific Food Industries Co., Ltd အမည်ဖြင့် မြန်မာကုမ္ပဏီ ဖွဲ့စည်း တည်ထောင်ပြီး အဆိုပြုချက်နှင့် အတူ မြေငှားသက်တမ်း တိုးမြှင့်ခွင့်ကို ဆောက်လုပ်ရေး ဝန်ကြီးဌာနမှတစ်ဆင့် တင်ပြရန် ရည်ညွှန်း (၃) ဖြင့် အကြောင်းကြားလာပါသည်။

PACIFIC FOOD INDUSTRIES LIMITED
NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

Date:

၃။ သို့ဖြစ်ပါ၍ Pacific Food Industries Ltd အမည်ဖြင့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီး မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် အညီ မှတ်ပုံတင်ထားပြီးဖြစ်၍၊ ရခိုင်နူန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲခွင့်ပြုပါရန်နှင့် မြေငှားသက်တမ်းကို (၂၀+၅+၅) မှ (၃၀+၁၀+၁၀) သို့ တိုးမြှင့်ခွင့်ပြုပါရန် အဆိုပြုလွှာနှင့်အတူ ပေးပို့ တင်ပြအပ်ပါသည်။

မိတ္တူ

- ဝန်ကြီးဆောက်လုပ်ရေးဝန်ကြီးဌာန
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

U SOE MYINT
MANAGING DIRECTOR
PACIFIC FOOD INDUSTRIES LIMITED.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

တယ်လီဖုန်း -၀၁-၆၅၇၈၂၄
ဖက်(စ်) -၀၁-၆၅၇၈၂၄

စာအမှတ် ၊ ရက - ၉ / ၁ / ၂၀၁၅ (၀၁၆၆၈-၁)
ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၀ ရက်

အကြောင်းအရာ။ **Pacific Food Industries Ltd. မှ အစုရှယ်ယာလွှဲပြောင်းခွင့် တင်ပြလာခြင်း ကိစ္စ**

ရည်ညွှန်းချက်။ Pacific Food Industries Ltd. ၏ ၂၀၁၅ ခုနှစ် ဇွန်လ ၁၆ ရက်စွဲပါစာ

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၁၉၉၆ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့စွဲပါ ခွင့်ပြုမိန့်အမှတ် (၂၃၂/၁၉၉၆)ဖြင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် Pacific Food Industries Ltd. သည် ရည်ညွှန်းပါစာဖြင့် မူလ ရှယ်ယာရှင်များစာရင်းပါ ကုမ္ပဏီတစ်ခုဖြစ်သည့် GA Foodstuffs Pte Ltd. ပိုင်ဆိုင်သည့် အစုရှယ်ယာ ၅၂၃၈ စု အား Dagon Win Win Co., Ltd. သို့လွှဲပြောင်းခွင့် နှင့် မူလဒါရိုက်တာစာရင်းပါ ဒါရိုက်တာ ဦးကောင်းမြတ်မှ နုတ်ထွက်၍ ဦးစိုးမြင့်အား မန်နေဂျင်းဒါရိုက်တာအဖြစ် ခန့်ထားခွင့်ပြုပါရန် တင်ပြလာပါသည်။

၂။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ခွင့်ပြုကြောင်းနှင့် အစုရှယ်ယာ လွှဲပြောင်းခြင်းကြောင့် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲရေး ဆက်လက် ဆောင်ရွက်ရန် အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မန်နေဂျင်းဒါရိုက်တာ
Pacific Food Industries Ltd.
မိတ္တူကို
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန
ကုမ္ပဏီများညွှန်ကြားမှုဌာနခွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရုံးလက်ခံ၊ မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

တယ်လီဖုန်း- ၀၁-၆၅၈၁၃၃
ဖက်(စ်) - ၀၁-၆၅၇၈၂၄

စာအမှတ်၊ ရက-၉/၁/၂၀၁၆ (၀၆၄၃)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး
ဆောက်လုပ်ရေးဝန်ကြီးဌာန

အကြောင်းအရာ။ **ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Pacific Food Industries Co., Ltd. ၏ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲခွင့် ပြုပါရန်နှင့် မြေငှား သက်တမ်း တိုးမြှင့်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၀ ရက်စွဲပါစာအမှတ်၊ ရက-၉/၁/၂၀၁၅(၀၁၆၆၈-ခ)

(၂) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါစာအမှတ်၊ ၂၁/ဌာနခွဲ-၂/MIC/၂၀၁၆(စီ ၂၆၆)

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၁၉၉၆ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်စွဲပါစာ ခွင့်ပြုမိန့်အမှတ် (၂၃၂/၁၉၉၆) ဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် Pacific Food Industries Ltd. သည် ကော်မရှင်၏ ရည်ညွှန်း(၁)ပါစာဖြင့် အစုရှယ်ယာ လွှဲပြောင်းခွင့်ရရှိခဲ့ပြီး ထိုကဲ့သို့ အစုရှယ်ယာ လွှဲပြောင်းခြင်းကြောင့် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲရေး ဆက်လက်ဆောင်ရွက် ရန် ကော်မရှင်မှ အကြောင်းကြားခဲ့ပါသည်။

၂။ သို့ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရည်ညွှန်း(၂)ပါစာဖြင့် တင်ပြလာသည့် ကိစ္စနှင့် စပ်လျဉ်း၍ Pacific Food Industries Ltd. အမည်ဖြင့် မြန်မာကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ပြီး အဆိုပြုချက်နှင့်အတူ မြေငှားသက်တမ်း တိုးမြှင့်ခွင့်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန မှတစ်ဆင့် တင်ပြရမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို

Pacific Food Industries Ltd.
ရုံးလက်ခံ ၊ မျှောစာတွဲ

Reply Pacific Food.doc

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

နေပြည်တော်

စာအမှတ်၊ ၂၁/ ဌာနခွဲ -၂ /MIC/၂၀၁၆ (စီ ၂၆၆)

ရက် စွဲ၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Pacific Food Industries Co.,Ltd မှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲခွင့်ပြုပါရန် နှင့် မြေငှားသက်တမ်းတိုးမြှင့်ခွင့်ပြုပါရန်လျှောက်ထားခြင်း ကိစ္စ**

ရည်ညွှန်းချက် ။

(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၂၉ - ၁၁- ၁၉၉၆ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် - ၂၃၂/၉၆

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၂၀ - ၈- ၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက - ၉/၁/၂၀၁၅(၀၁၆၆၈- ၁)

(၃) Pacific Food Industries Co.,Ltd ၏ ၂၈ - ၁၂ - ၂၀၁၅ ရက်စွဲပါ တင်ပြစာ

(၄) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၉ - ၁ - ၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၂(၅) ၃ - ၁၇/နပတ(၉၇)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရည်ညွှန်းချက်(၁)ပါ ခွင့်ပြုမိန့်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန် အပိုင်း(၃)၊ မြေကွက်အမှတ် - ၈၃ ၊ မြေဧရိယာ (၂.၀၁၁)ဧကအားစင်ကာပူအခြေစိုက် Pacific Food Industries Co.,Ltd (PFI) သို့ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် (၁၀-၁-၁၉၉၇) ရက်စွဲပါ မြေငှားစာချုပ်ဖြင့် ငှားရမ်းခဲ့ပါသည်။ မြေငှားကာလသက်တမ်းမှာ (၂၀+၅+၅) ဖြစ်ပြီး ကနဦးသက်တမ်းသည် (၁၀-၁-၂၀၁၇) ခုနှစ်တွင် ကုန်ဆုံးမည် ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက်(၂) ပါစာဖြင့် Pacific Food Industries Co.,Ltd (PFI) ၏ အစုရှယ်ယာ ပြောင်းလဲခြင်းကို ခွင့်ပြုခဲ့ပါသဖြင့် ရာနှုန်းပြည့်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုသို့ အောက်ပါအတိုင်း ပြောင်းလဲသွားပါသည် -

စဥ်	PFI အစုရှယ်ယာပိုင်ဆိုင်သူအမည်	မလွှဲပြောင်းမီရှယ်ယာ အရေအတွက်	လွှဲပြောင်းပြီးရှယ်ယာ အရေအတွက်
(က)	GA Foodstuffs Pte Limited (စင်ကာပူ)	၅,၂၃၈	၀
(ခ)	ဦးအောင်လွင်	၁	၁
(ဂ)	ဒဂုံဝင်းဝင်းကုမ္ပဏီလီမိတက် (မြန်မာကုမ္ပဏီ)	၀	၅,၂၃၈
	စုစုပေါင်း	**၅,၂၃၉**	**၅,၂၃၉**

၃။ ထို့ကြောင့် PFI မှ အစုရှယ်ယာ ပြောင်းလဲမှုနှင့်အညီ အောက်ပါအတိုင်း ခွင့်ပြုပေးနိုင်ပါရန် ရည်ညွှန်းချက်(၃)ပါစာဖြင့် တင်ပြလျှောက်ထားလာပါသည် -

(က) မြန်မာနိုင်ငံသားကုမ္ပဏီမှ အစုရှယ်ယာများကို ရာနှုန်းပြည့် လွှဲပြောင်းရယူထားပြီး ဖြစ်ပါ၍ **မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်** ပြောင်းလဲ ထုတ်ယူခွင့်ပြုပါရန်။

(ခ) ရင်းနှီးမြှုပ်နှံမှုပမာဏအား မူလ US$ 3.28 million မှ US$ 4.9556 million သို့ တိုးမြှင့်ပြီးဖြစ်၍ မြေငှားသက်တမ်းအား (၂၀+၅+၅) နှစ် မှ (၃၀+၁၀+၁၀) နှစ်သို့ တိုးမြှင့်ခွင့်ပြုပါရန်။

၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲခြင်း ၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း နှင့် မြေငှားသက်တမ်းတိုးမြှင့်ခြင်း တို့အတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နှင့် PFI တို့အကြား ချုပ်ဆိုထားသည့် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစာချုပ် နှင့် မြေငှားစာချုပ်တို့အား ပြင်ဆင်ချုပ်ဆိုနိုင်ရန် ပြင်ဆင်ချက်စာချုပ်(မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့၍ ဥပဒေအကြံပြုချက်တောင်းခံခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရည်ညွှန်းချက်(၄)ပါ စိစစ်အကြံပြုချက်နှင့်အညီ လိုအပ်သလိုပြင်ဆင်ပြီးဖြစ်ပါသည်။

၅။ သို့ပါ၍ Pacific Food Industries Co.,Ltd (PFI) မှ ယခင်ရရှိထားသော ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်အား အပ်နှံ၍ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်

ပြောင်းလဲထုတ်ယူခွင့်ပြုပါရန်နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ပြီးဖြစ်၍ မြေငှားသက်တမ်းအား (၂၀+၅+၅)နှစ်မှ(၃၀+၁၀+၁၀)နှစ်သို့ တိုးမြှင့်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုပေးနိုင်ပါရန် ရည်ညွှန်းချက်ပါစာမိတ္တူ များဖြင့် ပူးတွဲပေးပို့ တင်ပြအပ်ပါသည်။

၁၁/၂/၂၀၁၆

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
စိုးတင့်၊ ဒုတိယဝန်ကြီး

မိတ္တူကို

- ညွှန်ကြားရေးမှူးချုပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ။
- ဒုတိယညွှန်ကြားရေးမှူး၊ပြည်သူ့ဆက်ဆံရေးဌာန၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

အကြောင်းအရာ။ Pacific Food Industries Co.,Ltd မှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲခွင့်ပြုပါရန် နှင့် မြေငှားသက်တမ်းတိုးမြှင့်ခွင့်ပြုပါရန် လျှောက်ထားခြင်းကိစ္စ

ရည်ညွှန်းချက် ။
(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၉-၁၁-၁၉၉၆ ရက်စွဲပါ ခွင့်ပြုမိန့် အမှတ် -၂၃၂/၉၆
(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀-၈-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက-၉/၁/၂၀၁၅(၀၁၆၆၈-ခ)
(၃) Pacific Food Industries Co.,Ltd ၏ ၂၈-၁၂-၂၀၁၅ ရက်စွဲပါ တင်ပြစာ
(၄) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၉-၁-၂၀၁၆ ရက်စွဲပါ စာအမှတ် ၊ ၂(၅) ၃-၁၇/ နပတ(၉၇)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရည်ညွှန်း(၁)ပါ ခွင့်ပြုမိန့်အရ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် စက်ရုံအခြေစိုက် Pacific Food Industries Co.,Ltd (PFI) သည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲလျှက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန် အပိုင်း(၃) ၊ မြေကွက်အမှတ် - ၈၃ ၊ မြေဧရိယာ(၂.၀၁၁)ဧက ပေါ်တွင် နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက်(၁၀-၁-၁၉၉၇) ရက်စွဲပါ မြေငှားစာချုပ်ချုပ်ဆို၍ ငှားရမ်းခဲ့ပါသည်။မြေငှားကာလသက်တမ်းမှာ (၂၀+၅+၅) ဖြစ်ပြီး ကနဦးသက်တမ်းသည် (၁၀-၁-၂၀၁၇) ခုနှစ်တွင် ကုန်ဆုံးမည် ဖြစ်ပါသည်။

၂။ PFI ၏ အစုရှယ်ယာများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်း(၂)ပါစာဖြင့် အစုရှယ်ယာပြောင်းလဲခြင်းကို ခွင့်ပြုခဲ့ပြီးဖြစ်သဖြင့် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှမြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုသို့ အောက်ပါအတိုင်းပြောင်းလဲသွားပါသည်-

စဉ်	PFI အစုရှယ်ယာပိုင်ဆိုင်သူအမည်	မလွှဲပြောင်းမီရှယ်ယာ အရေအတွက်	လွှဲပြောင်းပြီးရှယ်ယာ အရေအတွက်
(က)	GA Foodstuffs Pte Limited (နိုင်ငံခြားကုမ္ပဏီ)	၅,၂၃၈	၀
(ခ)	ဦးအောင်လွင်	၁	၁
(ဂ)	ဒဂုံဝင်းဝင်းကုမ္ပဏီလီမိတက် (မြန်မာကုမ္ပဏီ)	၀	၅,၂၃၈
	စုစုပေါင်း	၅,၂၃၉	၅,၂၃၉

၃။ ယခုအခါ PFI မှ အစုရှယ်ယာများ ပြောင်းလဲသွားပါ၍ အောက်ပါအချက်များ ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားလာပါသည် -

(က) အစုရှယ်ယာများအား မြန်မာနိုင်ငံသားကုမ္ပဏီများမှ ရာနှုန်းပြည့် လွှဲပြောင်းရယူထားပြီးဖြစ်ပါ၍ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် ခွင့်ပြုမိန့်ပြောင်းလဲ ထုတ်ယူခွင့်ပြုပါရန်၊

(ခ) ရင်းနှီးမြှုပ်နှံမှုပမာဏအား မူလ US$ 3.28 million မှ US$ 4.9556 million သို့ တိုးမြှင့်ပြီး ဖြစ်၍ မြေငှားသက်တမ်းအား (၂၀+၅+၅) နှစ်မှ (၃၀+၁၀+၁၀) နှစ်သို့ တိုးမြှင့်ခွင့်ပြုရန်၊

၄။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း၊ မြေငှားသက်တမ်းတိုးမြှင့်ခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲခြင်းတို့အတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် PFI တို့အကြား ချုပ်ဆိုထားသည့် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစာချုပ်နှင့် မြေငှားစာချုပ်တို့အား ပြင်ဆင်ချုပ်ဆိုနိုင်ရန် ပြင်ဆင်ချက်စာချုပ် (မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့၍ ဥပဒေအကြံပြုချက်တောင်းခံပြီးဖြစ်ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရည်ညွှန်း(၄)စာ ပါ စိစစ်အကြံပြုချက်နှင့်အညီ လိုအပ်သလို ပြင်ဆင်ပြီးဖြစ်ပါသည်။

၅။ သို့ပါ၍ - Pacific Food Industries Co.,Ltd မှ ယခင်ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရရှိထားသော ကော်မရှင်ခွင့်ပြုမိန့်အား အပ်နှံ၍ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်ပြောင်းလဲထုတ်ယူခွင့်ပြုပါရန် နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ပြီး ဖြစ်၍ မြေငှားသက်တမ်းအား (၂၀+၅+၅) နှစ် မှ (၃၀+၁၀+၁၀) နှစ် သို့တိုးမြှင့်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား သိရှိနိုင်ပါရန်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ ဆက်လက် တင်ပြနိုင်ပါရန် တင်ပြအပ်ပါသည်။

ပူးတွဲပါ - ရည်ညွှန်းစာ(မိတ္တူ)များ

မင်းထိန်
ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုဝန်ကြီးရုံး
ဆောက်လုပ်ရေးဝန်ကြီးဌာန

စာအမှတ်၊မရ/ပဆရ/PFI/၂၀၁၆(၀၁၁၇)
ရက်စွဲ ၊ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်

မိတ္တူကို - မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး
- ရုံးလက်ခံ/ မျှောစာတွဲ

PACIFIC FOOD INDUSTRIES LIMITED
NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

Date:

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ရန်ကုန်မြို့။

နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊မေ လ (၉) ရက်

အကြောင်းအရာ ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်ပေးပို့ခြင်း

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "Pacific Food Industries Limited" သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန် (၃) ၊ လှိုင်သာယာမြို့နယ်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၈၃) မြေအကျယ် အဝန်း (၂.၀၁)ဧက ရှိ မြေနေရာတွင် နို့ထွက်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်နှင့်မြေဌားသက်တမ်းတိုးမြှင့်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ ကုမ္ပဏီ၏ အဆိုပြုလွှာ ( ) စုံကို လိုအပ်သလို ဆောင်ရွက်ပေး နိုင်ရန်အတွက် ပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

U SOE MYINT
MANAGING DIRECTOR
PACIFIC FOOD INDUSTRIES LIMITED.

PACIFIC FOOD INDUSTRIES LIMITED
NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ရန်ကုန်မြို့။

Date:
နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊မေ လ (၉) ရက်

အကြောင်းအရာ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များလျှောက်ထားခြင်း ။

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "Pacific Food Industries Limited" သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန် (၃) ၊ လှိုင်သာယာမြို့နယ်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၈၃) မြေအကျယ် အဝန်း (၂.၀၁)ဧက ရှိ မြေနေရာတွင် နို့ထွက်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ ရရှိစေရန်အတွက် လည်းကောင်း၊ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် လည်းကောင်း၊ အထည်ချုပ်လုပ်ငန်းမှ နိုင်ငံခြားဝင်ငွေ ရရှိစေရန်အတွက်လည်းကောင်း၊ နိုင်ငံသားများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း အလို့ငှာလည်းကောင်း၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်လျှောက်ထားခြင်းကို လက်ခံစဉ်းစားပေးပါရန်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေအရအခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုလည်း ပေးအပ်ပါရန် ရိုသေလေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်။

၃။ ထိုပြင် လုပ်ငန်းမှရရှိသော နိုင်ငံခြားငွေဖြင့်လည်းကောင်း၊ ကျပ်ငွေဖြင့်လည်း ကောင်း ရရှိသော ဝင်ငွေအား ပထမ(၅)နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် သက်သာခွင့်ပြုရန် လျှောက်ထားအပ်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားစာရွက်စာတမ်းများကို ပူးတွဲတင်ပြအပ်ပါသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ကမကထ ပြုလုပ်သူ၏ ဆောင်ရွက်ရန် အဆိုပြုချက်၊
(၂) လုပ်ငန်းပိုင်း နှင့် ငွေရေးကြေးရေးအထောက်အထားများ၊
(၃) ကုမ္ပဏီ သင်းဖွဲ့မှတ်တမ်း နှင့် သင်းဖွဲ့စည်းမျဉ်းမူများ၊
(၄) ဘဏ္ဍာရေးအချက်အလက်များနှင့် ပတ်သက်၍ တွက်ချက်မှု ဇယားများ၊

လေးစားစွာဖြင့် -

U SOE MYINT
MANAGING DIRECTOR
PACIFIC FOOD INDUSTRIES LIMITED.

PACIFIC FOOD INDUSTRIES LIMITED
NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

Date:

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ရန်ကုန်မြို့။

နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊မေ လ (၉) ရက်

အကြောင်းအရာ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လုပ်ငန်းဆောင်ရွက်ခြင်း နှင့်ပတ်သက်၍ ကတိခံဝန်ချက်ပေးပို့ခြင်း

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "Pacific Food Industries Limited" သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန် (၃) ၊ လှိုင်သာယာမြို့နယ်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၈၃) မြေအကျယ် အဝန်း (၂.၀၁)ဧက ရှိ မြေနေရာတွင် နို့ထွက်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

၂။ ကုမ္ပဏီအနေဖြင့် နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

၃။ ထို့ပြင်၊ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်ထားမည် ဖြစ်ကြောင်းနှင့် မီးဘေးအန္တရာယ်ကိုလည်း မဖြစ်ပွားစေရန် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၄။ လျှပ်စစ်ဓါတ်အား မရရှိသောအချိန်တွင် ကိုယ်ပိုင်မီးစက်ဖြင့် ထားရှိဆောင်ရွက်မည်ဖြစ်ပါသည်။

လေးစားစွာဖြင့် –

U SOE MYINT
MANAGING DIRECTOR
PACIFIC FOOD INDUSTRIES LIMITED.

PACIFIC FOOD INDUSTRIES LIMITED
NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

Date:

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ရန်ကုန်မြို့။

နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊မေ လ (၉) ရက်

အကြောင်းအရာ။ ။ဝန်ထမ်းများသက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင်သာယာရေးအတွက်စီစဉ်ဆောင်ရွက်ထားမှုများအား တင်ပြခြင်း။

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "Pacific Food Industries Limited" သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန် (၃)၊ လှိုင်သာယာမြို့နယ်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၈၃) မြေအကျယ် အဝန်း (၂.၀၁)ဧက ရှိ မြေနေရာတွင် နို့ထွက် ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

၂။ ကုမ္ပဏီအနေဖြင့် စက်ရုံတွင် အလုပ်လုပ်ကိုင် တာဝန်ထမ်းရွက်နေကြသည့် ဝန်ထမ်းနှင့် အလုပ်သမားများအတွက် အောက်ဖော်ပြပါ ကဏ္ဍများအလိုက် အလုပ်သမားသက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင် သာယာရေးတို့အတွက် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း တင်ပြအပ်ပါသည်-

(၁) စက်ရုံဝန်ထမ်း/ အလုပ်သမားများအတွက် အခမဲ့ ကြို/ပို့ဖယ်ရီကားများ စီစဉ်ထားရှိပါမည်။
(၂) စက်ရုံတွင် ဝန်ထမ်းများအတွက် နေ့လည်စာ ကျွေးမွေးပါမည်။
(၃) စက်ရုံလုပ်သားများအား လုပ်ငန်း ကျွမ်းကျင်မှု သင်တန်းများအား အလျဉ်းသင့်သလို စီစဉ်၍ တက်ရောက်စေပါမည်။
(၄) စက်ရုံရှိဝန်ထမ်းများ အချိန်ပိုဆင်းရပါက တစ်နာရီအတွက် လုပ်အားခငွေကြေးအား (၂)ဆ တွက်ချက်ပေးပါမည်။
(၅) စက်ရုံတွင် ရေးဦးသူနာပြုသေတ္တာများနှင့် နာမကျန်းသူများ နားနေခန်း(၁)ခန်း စီစဉ်ထားရှိပါမည်။ ထိခိုက်ဒဏ်ရာရရှိပါက လူမှုဖူလုံရေးဆေးခန်းသို့ စေလွှတ်၍ ဆေးဝါးကုသမှု ခံယူစေပါမည်။ လူမှုဖူလုံရေးထည့်ဝင်ငွေများအားလည်း အလုပ်ရှင်ပိုင်းရော၊ အလုပ်သမားများ ပိုင်းပါ နှစ်ဦးနှစ်ဖက်ထည့်ဝင်ပါမည်။

လေးစားစွာဖြင့် -

U SOE MYINT
MANAGING DIRECTOR
PACIFIC FOOD INDUSTRIES LIMITED.

PACIFIC FOOD INDUSTRIES LIMITED
NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

Date:

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ရန်ကုန်မြို့။

နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊ မေ လ (၉) ရက်

အကြောင်းအရာ ။ ။ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်ထားရှိမည်ဖြစ်ကြောင်းဝန်ခံကတိပြုခြင်း။

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "Pacific Food Industries Limited" သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန် (၃) ၊ လှိုင်သာယာမြို့နယ်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၈၃) မြေအကျယ် အဝန်း (၂.၀၁)ဧက ရှိ မြေနေရာတွင် နို့ထွက် ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

၂။ စက်ရုံ၏ မီးဘေးကာကွယ်ရေးနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း စီစဉ်ထားပါမည်-

(က) စက်ရုံဝင်းအတွင်း အရေးပေါ် သုံးစွဲနိုင်ရန် သင့်တင့်လျောက်ပတ်သော အကျယ်အဝန်းရှိသည့် ရေကန်များ ထားရှိပါမည်။
(ခ) မီးသတ်ဘူးများကိုလည်း တစ်ဘူးနှင့်တစ်ဘူးကို (၁၀)ပေ အကွာတွင် ထားရှိပါမည်။
(ဂ) သဲပုံး ၊ ရေပုံး ၊ မီးချိတ် ၊ မီးကဒ်များကိုလည်း အဆင်ပြေအောင်ထားရှိပါမည်။
(ဃ) စက်ရုံမှ ထွက်ရှိလာသော အမှိုက်များကိုလည်း အမှိုက်ကန်တည်ဆောက်၍ စနစ်တကျ သိမ်းဆည်းထားရှိပါမည်။ အမှိုက်သိမ်းဆည်းရေးအတွက် နယ်မြေခံ စည်ပင်သာယာရေး ကော်မတီနှင့်လည်း ညှိနှိုင်းဆောင်ရွက်ပါမည်။
(င) မီးသတ်ဦးစီးဌာနမှ ပို့ချသော သင်တန်းများကိုလည်း ဝန်ထမ်းများအား အလှည့်ကျ စေလွှတ်၍ တက်ရောက်စေပါမည်။

လေးစားစွာဖြင့် -

U SOE MYINT
MANAGING DIRECTOR
PACIFIC FOOD INDUSTRIES LIMITED.

PACIFIC FOOD INDUSTRIES LIMITED
NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

Date:

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ရန်ကုန်မြို့။

နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊ မေ လ (၉) ရက်

အကြောင်းအရာ။ ။ မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ကြောင်းကတိခံဝန်ချက်။

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "Pacific Food Industries Limited" သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန် (၃)၊ လှိုင်သာယာမြို့နယ်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၈၃) မြေအကျယ် အဝန်း (၂.၀၁)ဧက ရှိ မြေနေရာတွင် နို့ထွက် ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

၂။ ဤလုပ်ငန်းသည် မြန်မာနိုင်ငံသား (၂)ဦးဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီဖြစ်ပါသည်။ ဤလုပ်ငန်းတွင် နိုင်ငံခြားမှ နိုင်ငံခြားသား မည်သူမျှ ပိုင်ဆိုင်မှု မရှိပါကြောင်းနှင့် ဖြစ်ပေါ်လာမည့် ကိစ္စအဝဝကို တာဝန်ယူမည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုအပ်ပါသည်။

လေးစားစွာဖြင့်

U SOE MYINT
MANAGING DIRECTOR
PACIFIC FOOD INDUSTRIES LIMITED.

PACIFIC FOOD INDUSTRIES LIMITED
NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

Date:

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ရန်ကုန်မြို့။

နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊မေ လ (၉) ရက်

အကြောင်းအရာ။ ။ လျှပ်စစ်ဓါတ်အားနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း။

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "Pacific Food Industries Limited" သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန် (၃) ၊ လှိုင်သာယာမြို့နယ်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၈၃) မြေအကျယ် အဝန်း (၂.၀၁)ဧက ရှိ မြေနေရာတွင် နို့ထွက် ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

၂။ စက်ရုံအနေဖြင့် နိုင်ငံတော်မှ လျှပ်စစ်ဓါတ်အား ရရှိပါက သုံးစွဲမည် ဖြစ်ပြီး လျှပ်စစ်ဓါတ်အား မရရှိသော အချိန်တွင် ကိုယ်ပိုင်မီးစက်ဖြင့် သုံးစွဲမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့် –

U SOE MYINT
MANAGING DIRECTOR
PACIFIC FOOD INDUSTRIES LIMITED.

PACIFIC FOOD INDUSTRIES LIMITED
NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

Date:

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ရန်ကုန်မြို့။

နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊ မေ လ (၉) ရက်

အကြောင်းအရာ ။ ။ ဝန်ခံကတိပြုချက် ပေးပို့တင်ပြခြင်း

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "Pacific Food Industries Limited" သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန် (၃) ၊ လှိုင်သာယာမြို့နယ်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၈၃) မြေအကျယ် အဝန်း (၂.၀၁)ဧက ရှိ မြေနေရာတွင် နို့ထွက်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

၂။ စက်ရုံတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအားလုံးအား လုပ်ခလစာ တစ်နှစ် ရငွေ ကျပ်သိန်းနှစ်ဆယ်အထက် ရရှိသော ဝန်ထမ်း များ၏ ဝင်ငွေခွန်ကို မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ပေးဆောင်သွားမည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုအပ်ပါသည်။

လေးစားစွာဖြင့်

U SOE MYINT
MANAGING DIRECTOR
PACIFIC FOOD INDUSTRIES LIMITED.

PACIFIC FOOD INDUSTRIES LIMITED
NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

Date:

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ရန်ကုန်မြို့။

နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊ ဩဂုတ် လ (၂၅) ရက်

အကြောင်းအရာ။ ။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စောင့်ကြည့်လေ့လာမည့် လုပ်ငန်းများနှင့် ဝန်ထမ်းများ၊ အလုပ်သမားများအတွက် ရန်ပုံငွေများ စီစဉ် ဆောင်ရွက်မှု တင်ပြခြင်း။

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "Pacific Food Industries Limited" သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန် (၃) ၊ လှိုင်သာယာမြို့နယ်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၈၃) မြေအကျယ် အဝန်း (၂.၀၀)ဧက ရှိ မြေနေရာတွင် နို့ထွက်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

၂။ ကုမ္ပဏီအနေဖြင့် လုပ်ငန်းလည်ပတ်မှုမှ ရရှိမည်ဟု ခန့်မှန်းထားသည့် အသားတင် အမြတ်ငွေမှ (၂%)ကို ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် လုပ်ငန်းအစီအစဉ်များ၊ စောင့်ကြည့်လေ့လာမည့် လုပ်ငန်းများအတွက် ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးစသည့် ကိစ္စရပ်များတွင် သုံးစွဲနိုင်ပါရန် အောက်ပါအတိုင်း ရန်ပုံငွေလျာထားပါကြောင်း တင်ပြအပ်ပါသည်-

(က)	ပညာရေးဆိုင်ရာ ကိစ္စရပ်များ	-	၃၀%
(ခ)	ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ	-	၃၀%
(ဂ)	ပရဟိတလုပ်ငန်းများ	-	၂၀%
(ဃ)	မိဘမဲ့ကလေးများဂေဟာအတွက်	-	၂၀%

လေးစားစွာဖြင့်

U SOE MYINT
MANAGING DIRECTOR
PACIFIC FOOD INDUSTRIES LIMITED.

PACIFIC FOOD INDUSTRIES LIMITED
NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

Date:

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ရန်ကုန်မြို့။

နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊မေ လ (၉) ရက်

အကြောင်းအရာ။ ။ လုပ်ငန်းသက်တမ်းနှင့်ပတ်သက်၍တင်ပြခြင်း

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ “Pacific Food Industries Limited” သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန် (၃) ၊ လှိုင်သာယာမြို့နယ်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၈၃) မြေအကျယ် အဝန်း (၂.၀၁)ဧက ရှိ မြေနေရာတွင် နို့ထွက် ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်၏ “Pacific Food Industries Limited” ၏ လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းသက်တမ်းသည် နှစ်(၅၀)ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

U SOE MYINT
MANAGING DIRECTOR
PACIFIC FOOD INDUSTRIES LIMITED

PACIFIC FOOD INDUSTRIES LIMITED

NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ရန်ကုန်မြို့။

Date:

နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊မေ လ (၉) ရက်

အကြောင်းအရာ။ ။ ပတ်ဝန်းကျင်သဘောထားနှင့်အညီတင်ပြမည် ဖြစ်ပါကြောင်း ဝန်ခံကတိပြု တင်ပြခြင်း။

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "Pacific Food Industries Limited" သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန် (၃) ၊ လှိုင်သာယာမြို့နယ်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၈၃) မြေအကျယ် အဝန်း (၂.၀၁)ဧက ရှိ မြေနေရာတွင် နို့ထွက်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားများနှင့်အညီ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်မည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်-

(က) အဆိုပြုလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်မှုများကို လျော့နည်းစေရေးအတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်အသုံးပြုပြီး အဆိုပြုလွှာတွင် ဖော်ပြပါရှိသည့် လူမှုရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်မှု (CSR) အတွက် အသားတင်အမြတ်ငွေ၏ ၁-ရာခိုင်နှုန်း အသုံးပြုရေး အပါအဝင် ကတိကဝတ်များအား လိုက်နာ ဆောင်ရွက်ပါမည်။

(ခ) အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့်လူမှုရေး ထိခိုက်မှုများ မဖြစ်ပေါ်စေရေး (သို့မဟုတ်)ထိခိုက်မှုအနည်းဆုံးဖြစ်သည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်လေ့လာမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု စီမံချက် (Environmental Management Plan - EMP)ကို ရေးဆွဲတင်ပြပြီး စီမံချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

PACIFIC FOOD INDUSTRIES LIMITED

NO.83, INDUSTRIES ZONE (3),
PHAN CHET-WON-U SHWE OU STREET,
HLAING THAR YAR TOWNSHIP, YANGON, MYANMAR.
TEL: 4411085, 95-(1)684738, FAX:95(1) 684738
E-mail:pfi@baganmail.net.mm

Date:

(ဂ) သတ်မှတ်ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပါမည်။

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများ ရယူဆောင်ရွက်ပါမည်။

လေးစားစွာဖြင့် –

U SOE MYINT
MANAGING DIRECTOR
PACIFIC FOOD INDUSTRIES LIMITED.

Pacific Food Industries Limited

Product Photos

















" တံဆိပ်အမည်အမှတ်အသားကို တဦးတည်း မူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်သွင်းခြင်းစာချုပ် "

၂၀၁၇ ခုနှစ် ဇူလိုင်လ ( ) ရက်နေ့တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်၌ ရန်ကုန်မြို့ ၊ စမ်းချောင်းမြို့နယ် ၊ ကျွန်းတောလမ်း ၊ အမှတ် – (၁၂) နေ ဒေါ်မြတ်ပြင်နိုင် (မှတ်ပုံတင်အမှတ် – ၁၂/ ဗဟန (နိုင်) ၀၀၀၆၁၇) ကိုင်ဆောင်သူက အောက်တွင် ကပ်နှိပ် ဖော်ပြထားသည့် တံဆိပ် အမည် အမှတ်အသား ကို မိမိ၏ တစ်ဦးတည်း မူပိုင် အဖြစ် သုံးစွဲရန် မှတ်ပုံတင်သွင်းလိုက်သည်မှာ–

" တံဆိပ်အမည်အမှတ်အသား "



အထက်တွင် ကပ်နှိပ်ပေါ်ပြ ထားသော တံဆိပ်အမည်အမှတ်အသားမှာ *DAIRY MAID* ဆိုထုတ်ကုန်ရန် တံဆိပ် အမည်အမှတ်အသားဖြစ်ပါသည်။ ထိုတံဆိပ်အမည်အမှတ်အသားမှာလေးထောင့် ပုံ အပြာနုရောင်ကို အောက်ခံပြုလျက် အထက်နှင့် အောက်တွင်အပြာရင့်ရောင် အနားဖြင့် ဘောင်ကွပ်ထားပါသည်။ တံဆိပ်တွင် အဖြူရောင် ပေါင်နှစ်လုံးနှင့် တောင်ခြေတွင်မြက်ခင်းနှင့် ဆိမ်ငယ်များ နွားများပုံကို နောက်ခံပြုလျက် ဆံပင်ကို နှစ်ဖက်ခွဲကျစ် ဖြူပြာအနီကိုဟပ်ဆင်ထားပြီးအကျီ ဝတ်ဆင်ထား သည့် အမျိုးသ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂ ကျပ် ငွေနှစ်ကျပ် K 2

မီးပယ်တာခံ ဦးလုံးကိုနှင့်ဖွဲ့စည်းဖော်ပြထားပြီး ၎င်းရှိ ရှေ့မျက်နှာ၏အောက်တွင် အပြာရောင် အနားကွပ်ထားသည့် အနီရောင် ဖဲကြိုး တွန့်တွင် *DAIRY MAID* ဟူသောစာတမ်းကို အဖြူရောင် စာ လုံး ဖြင့် ဖော် ပြ ထားပါသည်။ ၎င်း၏အောက်တွင် FULL CREAM SWEETENED CONDENSED MILK ဟူသောစာတမ်းကို အပြာရောင် စာလုံးများဖြင့် ဖော်ပြထားပါသည်။ လက်ခံဘက် အမျိုးသမီးငယ်၏ ဦး ခေါင်း အထက်နားတွင် FULL CREAM ဟူသောစာတမ်းကိုလည်း ဘယ်ဘက်ခြမ်းရှိ အမျိုးသမီးငယ်၏ ဦး ခေါင်း အထက်နားတွင်မှ VITAMIN ENRICHED ဟူသောစာတမ်းများကိုအနီ ရောင် အနားကွန့်များဖြင့် ဖော် ပြထားပါသည်။ အမျိုးသမီးငယ်နှစ်ဦး၏ အလယ်တွင်အနီရောင်ဖဲကြိုးတွန့်တွင် *DAIRY MAID* ဟူသော စာတမ်းနှင့် ပါဝင်သောပစ္စည်းများ၏ ရာခိုင်နှုန်းများနှင့် ထုတ်လုပ်သည့်နိုင်ငံကိုလည်းဖော်ပြ၍ အဖြူရောင်အောက်ခံတွင် အပြာရောင်စာလုံးများဖြင့်ဖော်ပြထားပြီး ၎င်းတို့နှင့်မျဉ်းအောက်တွင် Net Weight 397 g ကိုအပြာရောင်စာ လုံး ဖြင့် ဖော် ပြထားပါသည်။ လက်ယာဘက်အခြမ်းတွင်မူ အ နီ ရောင် ဖဲကြိုး တွန့်တွင် *DAIRY MAID* ဟူ သော စာ တမ်းနှင့်အတူ ၎င်းတွင်ပါဝင်သောပစ္စည်းများကိုအပြာရောင်စာလုံးများဖြင့်ဖော်ပြထားပါသည်။

အထက်ပါတံဆိပ်အမည်အမှတ်အသားဖြင့် နို့ဆီများကို [illegible] အမျိုး မျိုးဖြင့်ကာမိနိုင်မည်ဟုဖော်ပြလျက် ဖြန့်မည်အနံ့ထုတ်လုပ် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ [illegible] အထက်တွင်ကော်ပီပြထားသော တံဆိပ်အမည်အမှတ် အသားမှာ မည်သူတစ်ဦးတစ်ယောက်မျှ ပြုလုပ် သုံးစွဲခြင်း ရှိသည်ကို မတွေ့ရသေးပါ။ မိမိ၏ စိတ်ကူး အကြံ ဉာဏ်ဖြင့်သာ တီထွင် ပြု လုပ် ထား ခြင်း ဖြစ် ပါသည်။

အထက်ပါတံဆိပ်အမည် အမှတ်အသားဖြင့် နို့ဆီများကို ကော်ပီ တစ် ခု သား [illegible] အမျိုးမျိုး [illegible] အမျိုးမျိုး [illegible] သို့တွင် ယင်းတံဆိပ်အမည် အမှတ်အသားကိုရိုက်နှိပ် ကပ်နှိပ်၍ လည်းကောင်း ဖော်ပြမည်ဖြစ်ပြီး ၊ သတင်းစာ ၊ မဂ္ဂဇင်း ၊ ရုပ်သံ ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်

UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

၂ ကျပ် | ငွေနှစ်ကျပ် | K2

[illegible] အဆိုပါ တံဆိပ် အမည် အမှတ် အသား ကို [illegible] သွင်းပြောင်းသွားမည့်အပြင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးအဆိုပါ တံဆိပ်အမည်အမှတ်အသားဖြင့် [illegible] ရောင်းချသွားမည်ဖြစ်ပါသည်။

အဆိုပါ တံဆိပ်အမည် အမှတ်အသားကို [illegible] [illegible] [illegible] အမှတ်အသားကို [illegible] [illegible] [illegible] ဖြစ်ကြောင်းနှင့် [illegible] ဖြစ်ကြောင်း၊

မှတ်ပုံတင်သွင်း – ချုပ်ဆိုအပ်ပါသည်။

(ဒေါ်မြတ်မြတ်နိုင်)

မှတ်ပုံတင်သွင်းချုပ်ဆိုသူ

သက်သေများ

၁။	၂။ ....
အမည်၊ ဒေါ်ခင်ခင်ရို	အမည်၊ ဦးအောင်ဝင်း
မှတ်ပုံတင်၊ ၁၂/တတတ (နိုင်)၀၀၀၃၇၇	မှတ်ပုံတင်၊ K/KGN-၀၀၀၄၁၃
နေရပ်လိပ်စာ – [illegible]	နေရပ်လိပ်စာ – [illegible]
[illegible]	[illegible]

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

ပုံစံ (မနသ-၁)

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်

[ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၈]

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

ရန်ကုန်မြို့။

နေ့စွဲ ။ ။ ၂၀၁၆ ခုနှစ်၊ မေ လ (၉) ရက်

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါအချက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏ -

(က)	အမည်	ဦးစိုးမြင့်
(ခ)	အဖအမည်	ဦးအောင်ခင်
(ဂ)	အမျိုးသားမှတ်ပုံတင်အမှတ်	၁၂/လသန (နိုင်)၀၁၅၀၀၆
(ဃ)	နေရပ်လိပ်စာ	အမှတ် (၁၂၅)၊ ဒု-လွှာ ၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(င)	လူမျိုး၊ ဘာသာ	ဗမာ(မြန်မာ) ၊ ဗုဒ္ဓဘာသာ
(စ)	အဖွဲ့အစည်းအမည်	ပစိဖိတ် ဖု(ဒ်) အင်ဒတ်စ်ထရီး(စ်) လီမိတက်
(ဆ)	လုပ်ငန်းအမျိုးအစား	နို့ထွက်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
(ဇ)	အဖွဲ့အစည်းတည်ရှိရာအရပ်	မြေကွက်အမှတ်(၈၃)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ လှိုင်သာယာစက်မှုဇုန်-၃၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက၊ ဖက်စပ်ပြုလုပ်မည့်သူများ၏

(က) အမည် (၁) ---------------- (၂) ----------------

---------------- ----------------

---------------- ----------------

(ခ) အဖအမည် (၁) ---------------- (၂) ----------------

---------------- ----------------

---------------- ----------------

(ဂ) နိုင်ငံသား / အမျိုးသားမှတ်ပုံတင်အမှတ်

(၁) ---------------- (၂) ----------------

---------------- ----------------

---------------- ----------------

(ဃ) နေရပ်လိပ်စာ (၁) ---------------- (၂) ----------------

---------------- ----------------

---------------- ----------------

(င) လူမျိုး၊ ဘာသာ (၁) ---------------- (၂) ----------------

---------------- ----------------

---------------- ----------------

(စ) အဖွဲ့အစည်းအမည် --

(ဆ) လုပ်ငန်းအမျိုးအစား --

(ဇ) အဖွဲ့အစည်းတည်ရှိရာအရပ် ------------------------------------

----

(နှစ်ဦးသို့မဟုတ်အဖွဲ့အစည်းနှစ်ခုထက်ပိုပါက သီးခြားစာရွက်တွင် ဖော်ပြပူးတွဲရန်)

၃။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား -

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်း နို့ထွက်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

(ခ) ဝန်ဆောင်မှုလုပ်ငန်း (ကုန်ပစ္စည်းအမည်သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားကို ဖော်ပြရန်)

၄။ လုပ်ကိုင်မည့်စီးပွါးရေးပုံစံ

(က) နိုင်ငံသားနှင့် နိုင်ငံသားတို့ကအစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်းလီမိတက်ကုမ္ပဏီ

(ခ) အဖွဲ့အစည်း နှင့် နိုင်ငံသားတို့က ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခြင်း

(ဂ) အဖွဲ့အစည်း နှင့် အခြားအဖွဲ့အစည်းတို့က ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခြင်း

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ် ဖွဲ့စည်းမည့်စီးပွားရေး အဖွဲ့အစည်း ပုံသဏ္ဍာန်-

(က) တစ်ဦးတည်ပိုင် --

(ခ) ဖက်စပ်/အစုစပ်လုပ်ငန်း --

(ဂ) လီမိတက်ကုမ္ပဏီ ပစိဖိတ် ဖု(ဒ်) အင်ဒတ်စ်ထရီး(စ်) လီမိတက် နောက်ဆက်တွဲဇယား(၁)

(ဃ) သမဝါယမအသင်း --

(အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ / အများပိုင် ကုမ္ပဏီ ဟု ဖော်ပြ၍ ထည့်ဝင်မည့် မတည်ငွေရင်း အမျိုးအစား ၊ စီမံခန့်ခွဲသူ / စီမံခန့်ခွဲမည့်သူများ၏ အမည်၊ နေရပ်လိပ်စာများနှင့် ရာထူးတို့ကို ပူးတွဲတင်ပြရန်)

၆။ ဖက်စပ် /အစုစပ်လုပ်ငန်းဖြစ်ပါက

(က) အစုစပ်ဝင်တို့က ထည့်ဝင်မည့် အစုငွေအမျိုးအစားနှင့် ပမာဏ

(ခ) အကျိုးအမြတ်ခွဲဝေမည့် အမျိုးအစား(ဂ)အစုစပ်ဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

(ဂ) အစုဝင်များ၏ လုပ်ပိုင်ခွင့်များ

(နေရာမလုံလောက်က သီးခြားစာရွက်ဖြင့်ဖော်ပြရန်)

၇။ သမဝါယမအသင်း /လီမိတက် ကုမ္ပဏီပုံသဏ္ဌာန်ဖြစ်ပါက–

(က) ခွင့်ပြု မတည်ငွေရင်း ကျပ် ၅,၀၀၀,၀၀၀,၀၀၀/–

(ခ) အစုရှယ်ယာအမျိုးအစားများ ကျပ် ၅,၀၀၀/တန် သာမန်အစု ရှယ်ယာ (၁,၀၀၀,၀၀၀)

(ဂ) အစုရှယ်ယာဝင်များက ထည့်ဝင်သည့်အစုရှယ်ယာပမာဏ ကျပ် ၅၀,၀၀၀,၀၀၀/–

၈။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် အဖွဲ့အစည်းနှင့် သက်ဆိုင်သော အချက်အလက်များ–

(က) မတည်ငွေရင်း ပမာဏ(ကျပ်) (သန်းပေါင်း)

	ဒေါ်လာ	ကျပ်	စုစုပေါင်းကျပ်
(၁) အဆောက်အဦး		၂၇၀.၆၇၄၄	၂၇၀.၆၇၄၄
(၂) စက်နှင့်ပစ္စည်းကိရိယာများ	၀.၈၃၃၃၉		၁၀၀၀.၀၆၈၀
(၃) ယာဉ်နှင့်ပစ္စည်းကိရိယာများ		၄၂.၁၄၉၅	၄၂.၁၄၉၅
(၄) ပရိဘောဂနှင့်တပ်ဆင်ပစ္စည်းများ		၁၈.၂၃၇၀	၁၈.၂၃၇၀
(၅) ရုံးသုံးပစ္စည်းများ		၂၂.၆၉၁၆	၂၂.၆၉၁၆
(၆) ကုန်ကြမ်းပစ္စည်းများ	၁.၉၀၀		၂၂၈၀.၀၀၀၀
(၇) ငွေ	၁.၀၉၄၁	၁၀၀၀.၀၀	၂၃၁၂.၉၂၀၀
စုစုပေါင်း –	၃.၈၂၇၄၉	၁၃၅၃.၇၅၅၅	၅၉၄၆.၇၄၃၅

မှတ်ချက် ၁ ဒေါ်လာ = ကျပ် ၁၂၀၀/–

မှတ်ချက်။ ။ ယခုတင်ပြထားသော မတည်ရင်းနှီးငွေတွင် လက်ရှိရင်းနှီးမြှုပ်နှံမှုအတိုင်း တင်ပြထားခြင်းဖြစ်ပြီး စက်ပစ္စည်းများထပ်မံတင်သွင်းခြင်းမရှိပါ။မူလကတင်သွင်းထားသည့်ပစ္စည်းများသာဖြစ်ပါသည်။

(ခ) နိုင်ငံခြားမှတင်သွင်းရန်လိုအပ်သည့် (သန်းပေါင်း)

	ဒေါ်လာ	ကျပ်
(၁) စက်ပစ္စည်းများ၊ စက်ကိရိယာများ စသည့်ပစ္စည်းတို့၏တန်ဘိုးပမာဏ (အသေးစိတ်စာရင်းပူးတွဲတင်ပြရန်)		
(၂) ကုန်ကြမ်းပစ္စည်းများနှင့်အခြား အလားတူပစ္စည်းများ၏ တန်ဘိုး		
(၃) ကုန်ကြမ်းပစ္စည်းများနှင့်အခြား အလားတူပစ္စည်းများ၏ တန်ဘိုး		
(၄) အဆောက်အဦ		
(၅) ကျွမ်းကျင်မှုနည်းပညာရပ်များ၏ တန်ဖိုးပမာဏ		

(ဂ) တည်ဆောက်မှုကာလ (၁၂) လ

(ဃ) ပဏာမစမ်းသပ်လည်ပတ်မှု ပြုလုပ်မည့်ကာလ (၃) လ

(င) တည်ဆောက်မှုစတင်မည့်အချိန် –

(စ) ရင်းနှီးမြှုပ်နှံမှုကာလ (၃၀)နှစ်

၆။ ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သော အချက်အလက်များ–

(က) လုပ်ငန်းအမျိုးအစား နို့ထွက်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
(ကုန်ထုတ်လုပ်မှု /ဝန်ဆောင်မှုစသည်ဖြင့်ဖော်ပြရန်)

(ခ) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်ဒေသများ မြေကွက်အမှတ်(၈၃)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ လှိုင်သာယာစက်မှုဇုန်–၃၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) ဆောင်ရွက်ပုံနည်းစနစ် ၁၀၀% ပြည်တွင်းရောင်း

(ဃ) နှစ်စဉ်စက်သုံးဆီလိုအပ်ချက် –

	အမျိုးအစား	အရေအတွက်
၁။	ဒီဇယ်ဆီ	၅၁၂၂၈၀၀ ဂါလံ
၂။	ဓါတ်ဆီ	
၃။	အင်ဂျင်ဝိုင်	၁၀၀ ဂါလံ

(င) နှစ်စဉ် လျှပ်စစ်ဓာတ်အားလိုအပ်ချက်

	ဓါတ်အားအသုံးပြုမှု	မြင်းကောင်ရေ
၁။	လျှပ်စစ်ဓာတ်အား	၃၃၀၀၀၀၀၀ ယူနစ်
၂။	ဓတ်ဆီ/ ဒီဇယ်အင်ဂျင်စက်အင်အား	------------------------
၃။	ဘွိုင်လာ အသုံးပြုအင်ဂျင်စက်အား	------------------------
၄။	သဘာဝဓာတ်ငွေ့သုံးစက်အား	------------------------
၅။	ပေးပို့သည့် အခြားအား (ရေအား / လေအား စသည်များ)	------------------------

(စ) တစ်နေ့ရေလိုအပ်ချက် ၅၀၀၀ ဂါလံ
နှစ်စဉ် ရေလို အပ်ချက် ၁၆၀၀၀၀၀ ဂါလံ
(နေ့စဉ် ရေလိုအပ်ချက်ရှိလျှင် ဖော်ပြရန်)

(ဆ) နှစ်စဉ် လုပ်ငန်းသုံးပစ္စည်း / ကုန်ကြမ်းလိုအပ်ချက်

	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး
၁။	အဓိကကုန်ကြမ်း			
	(၁)	----------	----------	----------
	(၂)	----------	----------	----------
၂။	အထောက်အကူကုန်ကြမ်း			
	(၁)	----------	----------	----------
	(၂)	----------	----------	----------
၃။	စက်သုံးဆီ / ဓတ်ငွေ့များ			
	(၁)	----------	----------	----------
	(၂)	----------	----------	----------

(ဇ) အဆောက်အအုံ လိုအပ်ချက် - ၁၂၀ပေ x ၂၄၀ပေ ရှိသောတထပ်အဆောက်အဦး (စက်ရုံ)

(ဈ) မြေနေရာ အမျိုးအစားနှင့် အကျယ်အဝန်းလိုအပ်ချက် — အစိုးရမြေ (၂.၀၁) ဧက

(ည) ခန့်မှန်းထုတ်လုပ်မည့်ကုန်ပစ္စည်း/ ဝန်ဆောင်မှု ဖြစ်နိုင်ခြေဇယား(ဂ)တွင်ဖော်ပြပါသည်။

အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး
----------	----------	----------	----------
----------	----------	----------	----------
----------	----------	----------	----------
----------	----------	----------	----------

(ဋ) ရောင်းချမည့်နည်းစနစ် — ပြည်တွင်းရောင်း (၁၀၀%)

၁၀။ နှစ်စဉ် ကုန်ထုတ်လုပ်မှု / ဝန်ဆောင်မှု နှင့် စပ်လျဉ်းသော အချက်အလက်များ –

		ခန့်မှန်းခြေ	
		ကျပ်ငွေ	နိုင်ငံခြားငွေ
(က)	လုပ်ငန်းလည်ပတ်ရန် လိုအပ်မည့် ကျပ်ငွေ	နောက်ဆက်တွဲဇယား ( )	
(ခ)	လိုအပ်မည့် နိုင်ငံခြား သုံးငွေ	နောက်ဆက်တွဲဇယား ( )	
(ဂ)	ရရှိမည့် နိုင်ငံခြား သုံးငွေပမာဏ	နောက်ဆက်တွဲဇယား ( )	
(ဃ)	ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း / ဝန်ဆောင်မှု တန်ဘိုးပမာဏ	နောက်ဆက်တွဲဇယား ( )	
(င)	နှစ်စဉ်ပြည်တွင်း၌ တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း / ဝန်ဆောင်မှု တန်ဘိုးပမာဏ	နောက်ဆက်တွဲဇယား ( )	

၁၁။ ဆောင်ရွက်မည့် စီးပွားရေးအဖွဲ့အစည်းတွင် လိုအပ်မည့် အမှုထမ်းများစာရင်း –

(က) ပြည်တွင်းမှ လိုအပ်မည့် အမှုထမ်းများ– နောက်ဆက်တွဲဇယား(၂) အရ (၄၈) ဦးခန့်ထားပါမည်။

(ခ) နိုင်ငံခြားမှလိုအပ်မည့်ကျွမ်းကျင်သူနှင့်အတတ်ပညာရှင်များ- (-) ဦးခန့်ထားပါမည်။

၁၂။ စီပွားရေး တွက်ခြေကိုက်မှုနှင့် စပ်လျဥ်းသော အချက်အလက်များ -

(က) နှစ်စဥ်ဝင်ငွေရရှိမှု နောက်ဆက်တွဲ ( )

(ခ) နှစ်စဥ်လုပ်ငန်းကုန်ကျစရိတ် နောက်ဆက်တွဲ ( )

(ဂ) နှစ်စဥ်အသားတင်အမြတ် နောက်ဆက်တွဲ ( )

(ဃ) နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု နောက်ဆက်တွဲ ( )

(င) အရင်းကျေကာလ (၄ နှစ် နှင့် ၅ လ) အတွင်း

